# ပြည်ထောင်စုတရားစီရင်ရေးဥပဒေ

[ ၂၈.၁၀.၂၀၁၀ ] [ ၂၈.၀၇.၂၀၁၅ ] [ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၀/၂၀၁၀) ] < ပြင်ဆင် 08.10.2013, 30.07.2014, 28.07.2015 >

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေ ချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဆို သည်။

(ခ) **မူလမှု** ဆိုသည်မှာ သက်ဆိုင်ရာ တရားရုံးက မူလစီရင်ပိုင်ခွင့်အာဏာအရ စစ်ဆေးစီရင်သော အမှုကိုဆိုသည်။

(ဂ) **အယူခံမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးကချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို